## အင္ဂုတ္တရ(၁၈)ရပ်လာ နီတိကျမ်းအတတ်ပညာ

**ဦးယုဝေ**

**တွဲဖက်ပါမောက္ခ**

**တိုင်းရင်းသားရေးရာဌာန**

**စာတမ်းအကျဉ်း**

**အင္ဂုတ္တရ(၁၈)ရပ်လာ နီတိကျမ်းအတတ်ပညာ** ခေါင်းစဉ်ဖြစ်သော ကျွန်ုပ်၏သုတေသန စာတမ်းသည် လောကနီတိကျမ်း၌ပါဝင်သော လမ်းညွှန်ချက်များ၊ စာဏကျနီတိကျမ်း၊ နီတိမာလာ ကျမ်းနှင့် နီတိမဥ္ဇရီကျမ်းတို့မှ လမ်းညွှန်ချက်များကို စုစည်းတင်ပြထားသော စာတမ်းဖြစ်ပါသည်။ ဤသုတေသနစာတမ်း၏ ရည်ရွယ်ချက်မှာ လူတော်လူကောင်းဖြစ်လိုသူများ၊ ဂုဏ်ကြီးရှင်ပညာရှိ သူတော်ကောင်းဖြစ်လိုသူများ၊ ခေါင်းဆောင်ကောင်းဖြစ်လိုသူများ၊ လူလိမ္မာလူယဉ်ကျေးဖြစ်လိုသူများ နှင့် ပစ္စုပ္ပန် သံသရာနှစ်ဖြာလုံး၌ ဆင်းရဲဒုက္ခကင်းဝေးပြီး ကောင်းကျိုးချမ်းသာ အမျိုးမျိုးကို လိုလား သူများအတွက် ရှေးပညာရှိတို့၏ လမ်းညွှန်ချက်များကို သိရှိလိုက်နာစေဖို့ရန် ဖြစ်ပါသည်။ ဤစာတမ်း တွင် အခန်း (၃)ခန်းဖြင့် တင်ပြထားပါသည်။ အခန်း(၁)သည် ရှောင်ကြဉ်ရမည့်လမ်းညွှန်ချက်များကို လည်းကောင်း၊ အခန်း(၂)သည် လိုက်နာကျင့်သုံးဖွယ်ရာ လမ်းညွှန်ချက်များကိုလည်းကောင်း၊ အခန်း(၃) သည် လျို့ဝှက်သင့်သည်တို့ကို လျို့ဝှက်ရမည့် လမ်းညွှန်ချက်များကိုလည်းကောင်း စုစည်း၍ တင်ပြထားပါသည်။